ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan(VDP)

## ကြံခင်းမြို့နယ်

**၂၀၁၈ ခုနှစ်** **ရွှေပန်းတောအုပ်စု၊ ရွှေပန်းတောကျေးရွာ**

**မာတိကာ**


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်ချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ




ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ

**၃။ ရွှေပန်းတောအုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

၁။မုန့်ထုတ်ကျေးရွာ

၂။မင်းတဲကြီးကျေးရွာ

၃။ထန်းကုန်းကျေးရွာ

၄။ရွာသစ်ကုန်းကျေးရွာ

၅။ဂုံကြီးကျေးရွာ

၆။ဂုံကြီးအောက်စုကျေးရွာ

၇။မရမ်းချိုကျေးရွာ

**၈။ရွှေပန်းတောကျေးရွာ**

၉။ကံကုန်းကျေးရွာ

ရွှေပန်းတောကျေးအုပ်စုတွင် ကျေးရွာပေါင်း (၉)ရွာဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

**၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)**

ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ရွှေပန်းတောအုပ်စု တွင် ရွှေပန်းတောကျေးရွာ တည်ရှိပါသည်။ အုပ်စုကျေးရွာ ဖြစ်ပြီး ရွာချင်း ဆက်လမ်းများမှာ ထန်းကုန်း ကျေးရွာသို့ ရောက်သော ရွှေပန်းတော- ထန်းကုန်းလမ်း၊ ဝဲကြီးကျေးရွာ သို့ ရောက်သော ရေကာတာ အရှေ့ဘက်လမ်း နှင့် ဘိလပ်မြေစက်ရုံ သို့ ရောက်သော ရေကာတာ အနောက်ဘက်လမ်း တို့ ဖြစ်ကြပါသည်။

ကျေးရွာတွင် ရေချို ရရှိမှု ခက်ခဲပြီး ရေငန်သာ အများဆုံး ထွက်ရှိသဖြင့် ဆည်မြောင်းမှ ရေကို သောက်သုံးရေ အဖြစ် သုံးစွဲကြပါသည်။ အစိုးရမှ ဂါလံ ၆၀၀၀ ဆန့် ရေကန်နှင့် အဝီစိတွင်းကို ထောက်ပံ့ထားပါသည်။ ဆည်မြောင်းရေကို ပိုက်ဖြင့် သွယ်တန်းပြီး ရေငတ်များ သတ်မှတ်ပေးပြီး သုံးစွဲကြပါသည်။

ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများရှိပြီး မြောက်ဘက်၊ တောင်ဘက်၊ အနောက်ဘက် များတွင် ဝါးတောများ လွှမ်းမိုးအုပ်ဆိုင်း ထားပါသည်။ ရာသီအလိုက် စပါး၊ တောင်ယာ ပဲခင်း၊ မတ်ပဲခင်းများ စိုက်ပျိုး ကြသည်။ ကျေးရွာ ၏ အဓိက လက်မှုလုပ်ငန်းမှာ ဝါးခမောက် လုပ်ငန်း ဖြစ်ပြီး မိုးရာသီတွင် ဝါးလုပ်ငန်း လုပ်ကိုင်ကြသည်။

ရွှေပန်းတော ကျေးရွာတွင် မူလတန်းကျောင်းနှင့် World Vision အဖွဲ့မှ ထောက်ပံ့ထားသော မူကြိုကျောင်းရှိပြီး အလယ်တန်းနှင့် အထက်တန်း ပညာရေးကို ချင်းမြောင် အ.ထ.က တွင် လည်းကောင်း၊ ကြံခင်း အ.ထ.က သို့လည်းကောင်း သွားရောက်ပညာသင်ကြားကြပါသည်။

ကျန်းမာရေး အနေဖြင့် ကျေးရွာဆေးပေးခန်း မရှိဘဲ၊ ကျေးရွာတွင် နေထိုင်သော ပြည့်သူ့ကျန်းမာရေး လုပ်သား ရှိပါသည်။ စက်ရုံဝန်ထမ်း များရှိပြီး၊ လက်သမား၊ ပန်းရံ ကျွမ်းကျင်သူများ လည်း နေထိုင်ကြသည်။ ကျေးရွာရှိ ဒေသခံ လူမျိုးများမှာ ဗုဒ္ဓဘာသာ ဗမာလူမျိုး များဖြစ်ပြီး ရွာ၏ တောင်ဘက်တွင် ဘုန်းကြီးကျောင်း နှင့် စေတီတို့ ရှိပါသည်။

ရွာတွင်း ချောင်းကျောက်လမ်းမှာ နွေရာသီတွင် ကောင်းမွန်ပြီး မိုးရာသီတွင် အနည်းငယ် ဆိုးရွားပါသည်။ ထန်းကုန်းကျေးရွာနှင့် ဆက်သွယ်ထားသော ရွာချင်းဆက်လမ်း မှာလည်း မိုးရာသီတွင် ဆိုးဝါးပြီး သွားလာရေးခက်ခဲကြောင်း သိရှိရပါသည်။

သဘာဝဘေး အန္တရာယ် ၂၀၀၆ ခုနှစ်၊ မာလာမုန်တိုင်း တွင် ကျေးရွာတွင်း အိမ်များ နစ်မြုပ်ခဲ့ပြီး ၊ အသက်အန္တရာယ် ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရကြောင်း သိရပါသည်။ လူထုဗဟိုပြု စီမံကိန်း မတိုင်မီ ဖွဲ့စည်း ထားသော World Vision အဖွဲ့အစည်းမှ စေတနာ့ဝန် ထမ်းများ ရှိခဲ့ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများကို နားလည်တက်ကြွ ပူးပေါင်းပါဝင် မှု အားကောင်းသော ကျေးရွာ ဖြစ်ပါသည်။


## ၅. လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၉-၉-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၆ | ၆ | ၁၂ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၉-၉-၂၀၁၇ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၇ | ၂၇ | ၃၄ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၉-၉-၂၀၁၇ | ချမ်းသာ၊ အလလယ်အလတ်<br>နွမ်းပါးအုပ်စုများ | ၇ | ၂၇ | ၃၄ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်<br>မှုပြမြေပုံ (Venn Diagram) | ၂၉-၉-၂၀၁၇ | ကျေးရွာအုပ်ချုပ်<br>ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၅ | ၁၃ | ၁၈ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၆-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၁၃ | ၅ | ၁၈ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်ရေးရရှိ<br>နိုင်မှုပေါ် သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များအပေါ်<br>အသုံးချနိုင်မှု၊<br>လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု<br>(Assent Mapping) | ၂၆-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၅ | ၆ | ၁၁ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၂၄ | ၃၆ | ၅၉ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ။ |
| ၈။ | ကျေးရွာမျှော်မှန်းချက်<br>(Village Vision) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၂၄ | ၃၆ | ၅၉ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု။ |
| ၉။ | ကျေးရွာ<br>ဦးစားပေး<br>လုပ်ငန်း | ၂၆-၉-၂၀၁၇ | ကော်မတီဂင်များ<br>ရပ်ရွာလူထုများ၊<br>တက်ရောက်သူအားလုံး | ၂၄ | ၃၆ | ၅၉ | -အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်</u>



လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

ရွှေပန်းတောကျေးရွာ၏ ကျေးရွာတည်ရှိပုံ ၊ လမ်းအနေအထား ၊ သဘာဝအရင်း အမြစ်များ ၊ အခြေခံအဆောက် အဦးများနှင့် ဝန်ဆောင်မှုများကို ကျေးရွာလူထု ကိုယ်တိုင် သိရှိစေရန် နှင့် ထို အရင်းအမြစ်များကို အသုံးချတတ်စေရန် ဖြစ်ပါသည်။

## အခြေခံအဆောက်အဦး

ရွှေပန်းတော ကျေးရွာတွင် ကျေးရွာလမ်း ၄လမ်း ရှိပါသည်။ အနောက်ဘက်မှ တောင်ဘက် တောက်လျှောက်တွင် ရေကာတာ ရှိပါသည်။ ပညာရေးအတွက်၊ မူကြိုကျောင်း (၁)ကျောင်း မူလတန်းကျောင်း (တိုက်ကျောင်း) တစ်ကျောင်း ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက် တွင် အားကစားကွင်း (ဘောလုံးကွင်း) ရှိပြီး ကျေးရွာ စာကြည့်တိုက်လည်း ရှိပါသည်။ ကျေးရွာ၏ ကျန်းမာရေးအတွက် အခြေခံအဆောက်အဦးနှင့် အခြား လူမှု ရေးဆိုင် ရာ အခြေခံ အဆောက်အဦးများ လိုအပ်နေကြောင်း ရွာလူထုမှ သိမြင်သုံးသပ်နိုင်ခဲ့ပါသည်။

## စီးပွားရေးနှင့် အရင်းအမြစ်

ရွှေပန်းတော ကျေးရွာ၏ အရှေ့ဘက်တွင် လယ်စိုက် ခင်းများရှိပြီး ရာသီမရွေး စပါး၊ တောင်ယာ ၊ပဲခင်း၊ မတ်ပဲခင်းစသည့် သီးနှံများ စိုက်ပျိုးကြသည်။ ကျေးရွာ၏ မြောက်ဘက် ၊ တောင်ဘက်နှင့် အနောက်ဘက် ပတ်ပတ်လည်တွင် ဝါးတောများ ရှိပြီး မိုးရာသီတွင် ဝါးလုပ်ငန်း၊ ဝါးဖတ်ကောက်ပြီး ဝါးခမောက် လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်ကြသည်။

## ဘာသာရေးအဆောက်အဦးများ

ကျေးရွာတွင် နေထိုင်ကြသော ကျေးရွာသူ/သား များသည် ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများ ဖြစ်ကြပြီး ကျေးရွာ၏ တောင်ဘက်တွင် ဘုန်းကြီးကျောင်းနှင့် စေတီတို့တည်ထား ကိုးကွယ်ကြပါသည်။

## လမ်းပန်းဆက်သွယ်ရေး

ရွာတွင်းလမ်းများမှာ မြေသားလမ်းနှင့် ချောင်းကျောက်လမ်း အမျိုးအစား ဖြစ်ပါသည်။ နွေရာသီ ၊ ခြောက်သွေ့ရာသီ များတွင် လမ်းပန်းသွားလာမှု ကောင်းမွန်သော်လည်း မိုးရာသီတွင် အနည်းငယ် ဆိုးဝါးပါသည်။ ရွာချင်းဆက် လမ်းများတွင် ထန်းကုန်းကျေးရွာ နှင့် ဆက်သွယ်ထားသော လမ်း ညီညာ ချောမွေ့မှု မရှိဘဲ မိုးရာသီတွင် အခက်အခဲ ရှိကြောင်း သိရပါသည်။ ထိုရွှေပန်းတော - ထန်းကုန်း လမ်းသည် ထန်းကုန်းကျေးရွာ သို့ ရောက်ရှိသည်သာမက နီးစပ်ရာကျေးရွာများနှင့် မြို့နယ် သို့တိုင် ဆက်သွယ် ရောက်ရှိ နိုင်သော လမ်းဖြစ်ပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

_ ကျေးရွာတစ်ရွာ၏ ရာသီဥတုကို လေ့လာဆန်းစစ်ခြင်းအားဖြင့် ယင်းကျေးရွာ၏ အစားအစာ စားသုံးမှု၊ စီးပွားရေး ၊ လုပ်ငန်းခွင် အခြေအနေ တို့ကို သိရှိနိုင်သည်။

ကျေးရွာ၏ ရာသီဥတုသည် တန်ခူးလတွင် ပူပြင်းခြောက်သွေ့ပြီး နယုန်လမှစ မိုးရွာသွန်း ပါသည်။ နတ်တော်လမှ တပို့တွဲလ အထိ၌ နှင်းကျ ချမ်းအေးပါသည်။ တပေါင်းလသည် ပူပြင်းသော လဖြစ်ပါသည်။


ရွှေပန်းတောကျေးရွာအနေဖြင့် အဓိက အသက်မွေးမှု အလုပ်အကိုင်မှာ ဝါးခြမ်းနှင့် ခမောက် လုပ်ငန်းပင်ဖြစ်သည်။ လယ်ယာလုပ်ကိုင် သူများလည်း ရှိ၍ ရာသီအလိုက် သီးနှံများ အား စိုက်ပျိုး ကြပါသည်။ စပါး ပေါ်ချိန်နှင့် ဝါးဖတ် ကျချိန်များတွင် တစ်ဦးကျ ဝင်ငွေကောင်းလှသည်။ အလုပ်နည်းပါးသော ကာလသာရှိ၍ လုံးဝဝင်ငွေမရှိသော ကာလမရှိပေ။ လုပ်ငန်းခွင် အတွင်း လုပ်အားခ ရရှိ၍ မှာ အများအားဖြင့် ကျား-မ တန်းတူ ရရှိကြပါသည်။

ရာသီအကူးအပြောင်း ကာလများတွင် တုတ်ကွေး၊ ဖျားနာခြင်း၊ နာစေး ၊ ချောင်းဆိုးခြင်း များသာရှိ၍ အများစုမှာ ကျန်းမာကြပါသည်။ ရာသီအလိုက် ကျင်းပသော ပွဲတော်များမှ လွဲ၍ အခြားပွဲတော် များမရှိပါ။ နယုန် တွင် စာပြိုင်ပွဲ နှင့် ဝါဆိုလတွင် ဘုရားလှည့် ပွဲလည်း ရှိပါသည်။

မိမိတို့ဒေသထွက် သီးနှံများ ကို ရာသီအလိုက် စားသုံးကြပါသည်။ မိုးဦးကျတွင် မုန်တိုင်းဝင်ရောက် တတ်၍ ကျန်ကာလများတွင် ဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ မိုးရာသီတွင် ရေပေါများ၍ နွေရာသီတွင် အနည်းငယ် ရေရှား ပါးပါသည်။ ထိုကဲ့သို့ ဆန်းစစ်ခြင်းဖြင့် ကျေးရွာ၏ အခြေအနေ အရပ်ရပ် ကို ရှုမြင်သုံးသပ်နိုင်ပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>



လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဥစ္စာခနေကြွယ်ဝမှုဇယား (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ရွှေပန်းတောကျေးရွာ၏ လူမှုစီးပွား သတ်မှတ်ချက် အဆင့်များအား လေ့လာခြင်းဖြင့် ကျေးရွာ၏ စီးပွားရေး အခြေအနေကို သိရှိနိုင်သည်။

ရွှေပန်းတောကျေးရွာတွင် နွမ်းပါးသော အိမ်ထောင်စု (၁၆)စု နှင့် မပြေလည်သော အိမ်ထောင်စု (၅၁)စု ရှိပါသည်။ ၎င်းအိမ်ထောင်စုများသည် သွပ်မိုး၊ ဝါးကြမ်းခင်း၊ ထရံကာအိမ်များ ဖြစ်၍ ဝါးခုတ် ၊ ခမောက်လုပ်ငန်းများ၊ လက်လုပ်လက်စား များ ဖြစ်ကြပါသည်။ အရေးပေါ် ကျန်းမာရေး ဖြစ်လျှင် ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက် ကုသ ကြပါသည်။ ကလေးများအား ဘွဲ့ရပညာတတ် အဖြစ် ကျောင်းထားရန် ခက်ခဲပါသည်။

အသင့်အတင့် အိမ်ထောင်စုမှာ (၂၅)စု ဖြစ်၍ ချမ်းသာသော အိမ်ထောင်စု (၅)စု ရှိပါသည်။ ဝါးခြံ၊ လယ်များရှိ၍ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီ၊ ထွန်စက် ၊ စက်ဘီး များပိုင်ဆိုင်ကြပါသည်။ ကျန်းမာရေးအတွက် အတော်အသင့် ကုသနိုင်ကြ၍ ကလေးများအား ဘွဲ့ရသည် အထိ ကျောင်းထားနိုင်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ ဝန်ထမ်း အိမ်ထောင်စုများ ဖြစ်သည်။

ယင်းမြေပုံအရ ရွှေပန်းတောကျေးရွာသည် စီးပွားရေး နိမ့်ကျ၍ ဝါးခမောက်လုပ်ကိုင် သူများနှင့် ဝန်ထမ်းများ နေထိုင်သော ကျေးရွာဖြစ်သည်ဟု ယူဆရပါသည်။ (၁၀၀%)တွင် (၆၈%) သည် နွမ်းပါး၍ မပြေလည်သော အုပ်စုများ ဖြစ်ကြပါသည်။

### ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>



အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

ရွှေပန်းတောကျေးရွာ၏ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့်ပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ပုံများကို ကျေးရွာလူထုမှ သိသာပေါ်လွင် စေရန် နှင့် လိုအပ်ပါက အဖွဲ့အစည်း များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက် နိုင်ရန် အတွက် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။

ကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးအဖွဲ့သည် အဓိက ကျသောအဖွဲ့ဖြစ်ပြီး မီးသတ်အဖွဲ့ ၊ ကျောင်းကော်မတီအဖွဲ့အစည်း တို့နှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိကြသည်။ကျေးရွာ၏ သာရေးနာရေး ကိစ္စများတွင် ဦးစီးဆောင်ရွက်သော လူငယ်အမျိုးသား/ သမီး အဖွဲ့ရှိပြီး ဘာသာရေး ကိစ္စများကို ဆောင်ရွက်ရန် အတွက် ဂေါပက အဖွဲ့၊ World Vision အဖွဲ့ရှိသည်ကိုလည်း တွေ့ရသည်။


ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လူထုဗဟိုပြုစီမံကိန်းမှ ဖွဲ့စည်းပေးထားသော ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင် အဖွဲ့အစည်း ရှိပြီး ကျေးရွာ၏ အုပ်ချုပ်ရေး အဖွဲ့နှင့် လိုအပ်ပါက ညှိနှိုင်းချိတ်ဆက်ဆောင် ရွက်ကြသည်။


မြို့နယ်အဖွဲ့အစည်း များဖြစ်သော မြို့နယ်အုပ်ချုပ် ရေးဦးစီးဌာန၊ မီးသတ် ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်လူထု ဗဟိုပြု စီမံကိန်းရုံးတို့နှင့် လဲ ချိတ်ဆက်မှု ရှိနေသည်ကို တွေ့ရသည်။

ရွှေပန်းတော ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်မှုပြ မြေပုံ ရေးဆွဲရာတွင် အမျိုးသား ၁၃ဦး ၊ အမျိုးသမီး ၁၉ဦး ၊ စုစုပေါင်း ၃၂ ဦးတို့တက်ကြွစွာ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ကြသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်</u>




အရင်းအမြစ်များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ရွှေပန်းတောကျေးရွာ၏ သဘာဝနှင့် လူမှုအရင်းအမြစ်များ လက်လှမ်းမှီမှု အသုံးပြုမှုတို့တွင် အမျိုးသား၊ အမျိုးသမီး တို့ အသုံးပြုနေမှုများကို မေးမြန်းဖော်ထုတ်ပြီး ကွာခြားမှုများကို သိသာပေါ်လွင်စေရန် အတွက် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။


အမျိုးသားများသည် လယ်၊ ကိုင်း၊ ချောင်း၊ နွား၊ လှည်း၊ ဆိုင်ကယ်၊ စက်ဘီး စသော လူမှုအရင်းအမြစ် များကိုသုံးကြသည်။ အမျိုးသမီးများသည် အပ်ချုပ်စက်၊ ရေတွင်း၊ ရေကန်၊ အိမ်၊ ဝက်၊ ကြက် နှင့် ခမောက်လုပ်ငန်း များကို လုပ်ကိုင်ကြပါသည်။ လယ်၊ ချောင်း၊ စာသင်ကျောင်း ၊ဝါးခြံ စသော အရင်းအမြစ်များကို အမျိုး သား၊အမျိုးသမီးတို့အားလုံး လက်လှမ်းမှီ အသုံးပြုကြသည်။

အသုံးပြုရာတွင် တန်းတူညီမျှစွာ သုံးစွဲနေကြသော်လည်း ထိန်းချုပ်မှုနှင့် ဆုံးဖြတ်ချက်ချမှုတို့တွင် အမျိုးသားများကသာ ထိန်းချုပ်ထားသည်ကို သုံးသပ်တွေ့ရသည်။ နှစ်ဦးနှစ်ဖက် ဆုံးဖြတ်ကြသော အရာများမှာ ဝါးခြံ၊ ဝါးဘတ်လုပ်ငန်းနှင့် လယ်ယာလုပ်ငန်းတို့ ဖြစ်ကြပါသည်။

ရွှေပန်းတောကျေးရွာရှိ သဘာဝ အရင်းအမြစ်နှင့် လူမှုအရင်းအမြစ်များကို အမျိုးသားများကသာ အများဆုံး ထိန်းချုပ်ကြပြီး ဆုံးဖြတ်ချက်ချနိုင်မှုတို့ ရှိနေသည်ကို တွေ့ရသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>




ပင့်ကူအိမ်ကွန်ယက်

ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

ရွှေပန်းတော ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ် လူနေမှုဘဝ နေထိုင်မှုတွင် အမျိုးသမီးများ ပါဝင်မှု အခန်းကဏ္ဍ၊ အမျိုးသမီးများ ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့အစည်း အခြေအနေ တို့ကို သိသာပေါ်လွင်စေရန်အတွက် ရည်ရွယ်၍ ရေးဆွဲခြင်း ဖြစ်သည်။


အမျိုးသမီးများ၏ တိုးတက်မှု အများဆုံး ကဏ္ဍမှာ အိမ်တွင်းမှုနှင့် ပညာရေး လက်လှမ်းမှီမှုပင် ဖြစ်သည်။ အမျိုးသမီးများသည် အိမ်တွင်းမှုတွင် အချိန်အများဆုံး ကုန်ဆုံးနေကြရသည်။ ပညာရေးကဏ္ဍတွင် အမျိုးသားများထက် ပိုမို လက်လှမ်းမှီ သော်လည်း အမျိုးသမီးဖြစ်ကြ၍ အိမ်တွင်းမှု တွင်သာ ပြန်၍ အချိန်ကုန်ခဲ့ပါသည်။ အမျိုးသမီးများ ဦးဆောင်မှု အားနည်းခြင်းနှင့် အကြံပေး ဆုံးဖြတ်နိုင်မှု အားနည်းခြင်းမှာ ရှေးအစဉ်အလာအား တရားသေ လက်ခံကျင့်သုံးခြင်း၊ ဦးဆောင်ရာတွင် မဝံ့မရဲဖြစ်ခြင်း ၊ ရှက်ကြောက်ခြင်းတို့ကြောင့် ဖြစ်သည်ဟု သုံးသပ်မိပါသည်။


အမျိုးသားများသည် အုပ်ချုပ်ရေး၊ လုံခြုံမှု ၊ အရင်းအမြစ်အသုံးပြုမှု ကဏ္ဍများတွင် အပြည့်နီးပါး အသုံးပြု မှု ၊ လွှမ်းမိုးမှုများ ကို တွေ့ရှိရပါသည်။ ကဏ္ဍအသီးသီးတွင် အမျိုးသား/ သမီး ကွာဟမှုများစွာ မရှိကြောင်းတွေ့ရှိရပါသည်။

ကဏ္ဍတိုင်းတွင် ကျား/မ တန်းတူညီမျှမှု ဖြစ်တည်လာစေရန် အမျိုးသားများမှ အမျိုးသမီးများအား နေရာပေး၍ အားပေးမှု ၊ လက်တွဲခေါ်ယူမှု လုပ်ဆောင်၍ အမျိုးသမီးများမှာ လည်း ရဲဝံ့စွာ ဆုံးဖြတ်ဆောင်ရွက်ခြင်း ၊ အဖွဲ့အစည်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက် ခြင်းဖြင့် လုပ်ဆောင်ရပေမည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲ ပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

**အမျိုးသားများမှ တင်ပြသော အခက်အခဲ ပြဿနာများ**


- လျှပ်စစ်မီး မရှိခြင်း
- တံတားမကောင်း၍ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း
- အလုပ်အကိုင် အခွင့်အရေးနည်းပါး၍ ပုံမှန်ဝင်ငွေမရှိခြင်း
- ရေကာတာ နိမ့်ကျနေခြင်း
- ဆေးပေးခန်းမရှိပါသဖြင့် ကျန်းမာရေး ခက်ခဲခြင်း
- ရေချို မရရှိသည့်အတွက် သောက်သုံးရေ ခက်ခဲခြင်း  တို့ဖြစ်သည်။


**အမျိုးသမီးများ မှ တင်ပြသောအခက်အခဲပြဿနာများ**

- ရေချို မရရှိသည့်အတွက် သောက်သုံးရေ ခက်ခဲခြင်း
- ငွေကြေးအရင်းအနှီး ရရန်ခက်ခဲခြင်း
- ဆေးပေးခန်းမရှိပါသဖြင့် ကျန်းမာရေး ခက်ခဲခြင်း
- ရေကာတာ နိမ့်ကျနေခြင်း
- ဝင်ငွေ၊ထွက်ငွေ မမျှတခြင်း
- ကုန်စျေးနှုန်း ကြီး၍ စားဝတ်နေရေး ကြပ်တည်းခြင်းတို့ဖြစ်ပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(၉) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်




ကျေးရွာမျှော်မှန်းချက်

ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက် )

**အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ**


- သောက်သုံးရေချိုရရှိရန်
- ဆေးပေးခန်းရှိရမည်။
- လျှပ်စစ်မီးလင်းစေချင်ပါတယ်။
- တံတားကောင်းကောင်းရှိရန်
- ဘိလပ်မြေ-ရွှေပန်းတောလမ်းအား ကွန်ကရစ်လမ်းမကြီးဖြစ်ရန်
- ကျေးရွာအားကစားကွင်းရှိရန်
- မျိုးသန့်စပါးရရှိရေး
- English Speaking သင်တန်းရရှိရန် စသည်တို့ကို မျှော်မှန်းထားကြသည်။


**အမျိုးသမီးများမှတင်ပြသော မျှော်မှန်းချက်များ**

- သောက်သုံးရေချိုရရှိရန်
- ဆေးပေးခန်းရှိရမည်။
- လျှပ်စစ်မီးလင်းစေချင်ပါတယ်။
- တံတားကောင်းကောင်းရှိရန်
- ရွာတွင်းကတ္တရာလမ်းဖြစ်ချင်တယ်။
- ချေးငွေအရင်းအနှီး
- အလယ်တန်း၊ အထက်တန်းကျောင်းရရှိရန်
- အသေးစားချေးငွေလုပ်ငန်း
- ဝက်၊ကြက်၊ မွေးမြူရေးလုပ်ငန်း
- စက်ချုပ်သင်တန်း
- ကွန်ပျူတာသင်တန်း
- စက်မှု၊လက်မှု သင်တန်းစသည်တို့ကိုမျှော်မှန်းထားကြသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

**အမျိုးသားများမှအဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

- ရေကာတာမြှင့်တင်၍ ရွာချင်းဆက်လမ်းကွန်ကရစ်လမ်း
- ကျေးလက်ဆေးပေးခန်း
- လျှပ်စစ်မီး
- တံတားပြုပြင်ခြင်း(ရွှေပန်းတော-၁၁ရပ်ကွက်)
- တံတားပြုပြင်ခြင်း(ရွှေပန်းတော-ထန်းကုန်း)
- မျိုးသန့်စပါး
- English Speaking သင်တန်း

**အမျိုးသမီးများမှအဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

- ရေကာတာမြှင့်တင်၍ ရွာချင်းဆက်လမ်းကွန်ကရစ်လမ်း
- ကျေးလက်ဆေးပေးခန်း
- ရေချိုရမည့်တွင်းနက်
- အသေးစားချေးငွေလုပ်ငန်း
- မွေးမြူရေး(ဝက်၊ကြက်)
- ကွန်ပျူတာသင်တန်း
- စက်ချုပ်သင်တန်း
- စက်မှု၊ လက်မှု သင်တန်း
- ရေကာတာမြှင့်၍ တင်၍ ရွာချင်းဆက်လမ်းချောင်းကျောက်လမ်း

## ၇. ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ





၈. ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်စာရင်း

အုပ်စု။ ။ရွှေပန်းတော ကျေးရွာ။ ။ ရွှေပန်းတော

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၉-၉ -၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးမောင်မောင်ဦး | ၀၉၂၅၀၄၃၁၁၉၅ | ၂၀၁၆ |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်သင်းသင်းဖြူ | ၀၉၂၆၁၃၂၀၂၄၆ | ၂၀၁၆ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဝင်းလှိုင် | ၀၉၂၅၀၈၂၂၁၇၁ | ၂၀၁၆ |
| ၄ | | အဖွဲ့ဝင် | ဒေါ်စုမြတ်မွန် | ၀၉၇၉၀၄၆၀၈၅၉ | ၂၀၁၆ |
| ၅ | | အဖွဲ့ဝင် | ဦးအောင်မျိုးလှိုင် | ၀၉၄၅၉၃၀၈၂၁၃ | ၂၀၁၈ |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မို့မို့လွင် | ၀၉၂၆၃၈၇၇၂၉၈ | ၂၀၁၆ |
| ၇ | | အဖွဲ့ဝင် | ဒေါ်ခိုင်နွယ်ဝင်း | - | ၂၀၁၈ |
| ၈ | | အဖွဲ့ဝင် | ဦးလှိုင်ကြည် | ၀၉၂၅၈၁၀၈၃၈၂ | ၂၀၁၆ |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဝင်းနိုင် | ၀၉၇၉၆၀၃၆၀၁၅ | ၂၀၁၆ |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်သန္တာခိုင် | ၀၉၂၅၀၇၄၀၇၅၈ | ၂၀၁၆ |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်နွယ်နွယ်စိုး | ၀၉၇၉၃၂၉၃၃၈၁ | ၂၀၁၇ |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးမျိုးမင်းဦး | ၀၉၃၆၃၇၀၅၆၄ | ၂၀၁၈ |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးကံအေး | ၀၉၄၆၆၄၂၈၄၅၄ | ၂၀၁၈ |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်မိုးသန္တာဝေ | ၀၉၄၂၂၅၂၃၈၃၂ | ၂၀၁၆ |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးခင်မောင်လင်း | ၀၉၂၅၀၈၅၁၉၀၈ | ၂၀၁၆ |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်စန္ဒာမြင့် | ၀၉၃၆၃၇၀၅၆၄ | ၂၀၁၆ |

တာဝန်ကျဝန်ထမ်းများ

လူထုစည်းရုံးရေးမှူး - ဒေါ်အေးမြတ်မွန်

လက်ထောက်နည်းပညာမှူး - ဒေါ်မေသူဝင်းရွှေ

## ၄. ကျေးရွာအချက်အလက် (ပုံစံ- ၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးလှိုင်ကြည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉-၇၇၃၀၀၅၀၁၅ | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ခင်ဇော်မွန် |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပန်းတော / ကျေးရွာ ရွှေပန်းတော |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ---- | ၆၇ | ဘာသာ (၁) --ဗုဒ္ဓ----- | ၆၇ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၈ | | ၁၈ . |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၇၀ | ၁၉၅ |
| လူမျိုးစု (၁)--ဗမာ--- | ၁၇၀ | ၁၉၅ |
| လူမျိုးစု (၂)---------- | - | - |
| လူမျိုးစု (၃)---------- | - | - |
| အိမ်ထောင်ဦးစီး | ၇၈ | ၁၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | |
|---|---|---|---|---|---|
| | | | | ဗလီ | ☐ |
| အခြား | ☐ | အခြား | ☐ | အခြား - ဝဏ္ဏဂုံ . | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၀၇ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၅ မိနစ် ---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်(☑)/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ----------

မိုးရာသီတွင်ကြာချိန် ၅ မိနစ် ---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်(☑)/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ - ၂၀၀၈ - [illegible] :

မှတ်ချက် :- [illegible]

(ဂ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုပေါ်ပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ရှိပါသည်။ (World Vision ကမွဲ့ပြီး ဖွဲ့စည်း - ကျောင်းသား ကျန်းမာရေး ပါဝင်)
(၂) ..............................


ကျေးရွာခေါင်းဆောင် — အမည် ဦးညိုဝင်းကြိုင်

လက်မှတ် [signature] — နေ့စွဲ ၂၉ · ၉ · ၂၀၁၇ ·

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ကြေးဖော်ရွှန်

လက်မှတ် [signature] — နေ့စွဲ ၁၉ · ၉ · ၂၀၁၇

## ၁၀. စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ- ၂)



လူထုဦးဆောင်သော ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း

လူထုဖော်ပြ စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်[illegible]မြတ်ထွန်း | | | |
| နေ့စွဲ ၂၉.၉.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ✓ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပန်းတော | ကျေးရွာ ရွှေပန်းတော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၉.၉.၁၇ | ၂၉.၉.၁၇ | ၁၉ | ၃၀ | ၄၉ | ဗမာ \| ၄၉ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၉.၉.၁၇ | ၂၉.၉.၁၇ | ၁၉ | ၃၀ | ၄၉ | ဗမာ \| ၄၉ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ၁၁. ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ- ၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဖြူဖြူခင်

နေ့စွဲ ၂၈ · ၉ · ၂၀၁၇ ·

စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄)

ပြည်နယ်/တိုင်း-ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပုန်းတော | ကျေးရွာ ရွှေပုန်းတော

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီး မရှိ၍ လူနေမှုဘဝ အဆင့်နိမ့်ကျခြင်း | ၁ | လယ်ယာနှီးနှောပါး၍ ဝင်ငွေရေးခက်ခဲခြင်း |
| ၂ | ကျေးရွာတံတားများ ခိုင်ခံ့မှုမရှိ၍ သွားလာရေးခက်ခဲခြင်း | ၂ | ဝင်ငွေထွက်ငွေ မမျှတခြင်း |
| ၃ | အားကစားကွင်းဖော်ပြရန်ငွေကြေး မလုံလောက်ခြင်း | ၃ | ကုန်စျေးနှုန်းကြီး၍ ဝင်ငွေရေး ကြပ်တည်း |
| ၄ | ရေချိုရေရှားသဖြင့် သောက်သုံးရေ ခက်ခဲခြင်း | ၄ | ရေချိုမရရှိ၍ သောက်သုံးရေခက်ခဲခြင်း |
| ၅ | ကလေးကစားကွင်း ပါးသဖြင့် ပုံမှန်ဝင်ငွေ မရရှိခြင်း | ၅ | ကလေးအကျိုးစီးပွားပါး/ကလေးကျန်းမာရေးခက်ခဲ |
| ၆ | ရေကာတာမရှိသဖြင့် ရေလျှံမည် မိုးရိုင်းနေရခြင်း | ၆ | ရေကာတာမရှိသော ကြောင့် မိုးတွင်းကာလ ရေဝင်သဖြင့် နေထိုင်ရန်ခက်ခဲခြင်း |
| ၇ | ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးခက်ခဲခြင်း | ၇ | ဆေးပေးခန်းမရှိ၍ ကျန်းမာရေး ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွှေပုန်းတော ကျေးရွာ လမ်းကောင်း ရှိ၍ ဖွံ့ဖြိုးချင်ပါတယ်။ | ၁ | ရွာပတ်လမ်း ကတ္တရာလမ်း ခင်းချင်ပါတယ်။ |
| ၂ | ရေချိုရချင်ပါတယ်။ | ၂ | သောက်သုံးရေ သန့်သန့်ရှင်းရှင်း ရှိချင်တယ်။ |
| ၃ | ကျေးရွာဆေးပေးခန်း လိုချင်ပါတယ်။ | ၃ | ကျေးရွာဆေးပေးခန်း ရှိချင်တယ် |
| ၄ | အားကစားကွင်းကောင်း ရှိချင်ပါတယ်။ | ၄ | ကလေးစာသင်/မူကြိုစာသင်ကျောင်း ရှိချင်တယ်။ |
| ၅ | တံတားများ ခိုင်ခံ့ပြီး ကားကြီးများ သွားလာနိုင်ရန် မျှော်မှန်း | ၅ | တံတားများ ကောင်းမွန်ခိုင်ခံ့ပြီး လုံခြုံစွာ ဖြတ်သန်းချင်ပါတယ်။ |
| ၆ | လျှပ်စစ်မီး လင်းချင်ပါတယ်၊ | ၆ | တရွာလုံး လျှပ်စစ်မီး ထိန်ထိန်လင်းချင်ပါတယ်၊ |
| ၇ | ရေကာတာ ဆောက်ချင်ပါတယ်။ | ၇ | ဖွံ့ဖြိုးရေးအဖွဲ့များ လာရောက်ပြီး ကျေးရွာသူ ရွာသားများ ထွက်ပေါ်စေချင်ပါတယ်၊ |

SPT

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီး(မီးတိုင်၊ မီးကြိုး) | ကျား + မ | ၂၅ သိန်း | ၃၆၅ |
| ၂ | ဘက်စုံသုံးရေကန် ၁လုံး (၅၀၀၀ ဂါလံ) | ကျား | ၄၀ သိန်း | ၃၆၅ |
| ၃ | ကျေးရွာဆေးပေးခန်း | ကျား+မ | (၁၀၀)သိန်း | ၃၆၅ |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မျိုးသန့်စပါးရရှိရန် | ကျား | |
| ၂ | English Speaking သင်တန်း | ကျား | |
| ၃ | အသေးစားချေးငွေလုပ်ငန်း | မ | |
| ၄ | မွေးမြူရေး(ဝက်၊ကြက်) | မ | |
| ၅ | ကွန်ပျူတာသင်တန်း | မ | |

၆· စက်ချုပ်သင်တန်း မ

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးဇော်ဝင်းအောင် ------ လက်မှတ် ------ [signature] ------ နေ့စွဲ ---၂၆-၆-၂၀၁၇------

## ၁၂. ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ- ၄)

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | |
|---|---|
| *လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။* | |
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် ဒေါ်မေသူဇင်းရွှေ၊ ဒေါ်အေးမြတ်မွန် | စက်ဂန်းအားအမှတ်ခြစ်ပေးပါ(✓) ☐စက်ဂန်း(၁) ☐စက်ဂန်း(၂) ☑စက်ဂန်း(၃) ☐စက်ဂန်း(၄) |
| နေ့စွဲ ၁.၁၀.၂၀၁၇ | |
| ပြည်နယ်/တိုင်း စစ်ကိုင်း / မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပန်းတော |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ၁ မင်းတဲကြီးကျေးရွာ | အင်ဂျင်စက်၊ မီးစက်ရုံ၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)၊ 10 kilo ဒိုင်နမို (၈'×၅'×၆')၊ မီးကြိုး (၂၄၀၀') | ၁၃၀ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | (၅၁၅) သိန်း | | - | | (၅၁၁) သိန်း |
| ၂ ထန်းကုန်း | အင်ဂျင်စက်၊ မီးစက်ရုံ၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)၊ 10 kilo ဒိုင်နမို (၈'×၅'×၆') မီးကြိုး (၃၆၀၀') | ၁၄၆ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | [၅၀.၂] သိန်း | | (၈.၈) သိန်း | | (၅၉) သိန်း |
| ၃ မုန့်တုတ် | အင်ဂျင်စက်၊ မီးစက်ရုံ၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)၊ 10 kilo ဒိုင်နမို (၈'×၅'×၆') မီးကြိုး (၃၄၀၀') | ၁၃၅ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | [၅၇] သိန်း | | - | | (၅၇) သိန်း |

လူထုဖဟိုဂျပီစီမံကိန်းစီမံကိန်းလက်ခြဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (၄) ရွာသစ်ကျေး | ဘင်ဂျင်မီး၊ မီးစက်ရုံ ဆီးတိုင် နှင့် မီးကြိုး | 25 Hp ဘင်ဂျင်၊ (၁၄) 10 KVA ဒိုင်နမို၊ (၈'×၅'×၆') (၂၅၀၀'). | ၁၀၃ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | [၅၃] သိန်း | | - | (၅၃) သိန်း |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးသိန်းဝင်း ၊ ၁၃/သဝင(နိုင်)

လက်မှတ် ........ ရက်စွဲ ၁. ၁၀. ၂၀၁၇

**၁၃. အစည်းအဝေးမှတ်တမ်းများ**

**လူထုဗဟိုပြုစီမံကိန်း** ( တတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု -ရွှေပန်းတော**

**ကျေးရွာ -ရွှေပန်းတော**

**ကျေးရွာ(ပထမအကြိမ်နှင့် ဒုတိယအကြိမ်) အစည်းအဝေး** **ရက်စွဲ ၂၉- ၉-၂၀၁၇**

အစည်းအဝေးကို နေ့လည်(၉း၀၀) နာရီတွင်စ တင်ကျင်းပခဲ့သည်။ အစီအစဉ်(၁)တွင် ကျေးရွာအုပ်စု၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဌေးဝင်းမှ အဖွင့်အမှာစကား ပြောကြားပြီး "လူထုဗဟိုပြု စီမံကိန်း၊ တတိယနှစ်စီမံကိန်း" အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ ကျေးရွာ အုပ်စု အနေ ဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြ သည့် အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သောလိုအပ်ချက် လုပ်ငန်းများကို စီမံကိန်း အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် မျှော်လင့်ပါကြောင်း" စသ ဖြင့်အမှာစကား ပြောကြားခဲ့ပါသည်။

(၉း၁၅) နာရီတွင် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများမှ ကျေးရွာလူထုနှင့် ဝန်ထမ်းများကြား ရင်းနှီးမှုရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်းမိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ၊ စီမံကိန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် တာဝန် ဝတ္တရား များ၊စီမံကိန်းတွင်လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ အကြံပြုတိုင်ကြားရေးစနစ် အကြောင်း စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

နေ့လည် (၁၀း၀၀) နာရီတွင် စီမံကိန်း တတိယနှစ်အတွက် ကော်မတီဝင်များ ရွေးချယ်မည် ဖြစ်၍ စေတနာဝန်ထမ်းများ၏ တာဝန် ဝတ္တရားများအကြောင်း၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန်တိကျ သောလျို့ဝှက်စနစ်အကြောင်း ထပ်မံ ရှင်းပြခဲ့ပြီး စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြသည်။ (၁၀း၃၀) နာရီတွင် ကျေးရွာစီမံကိန်း နှင့် အထောက်အကူပြုကော်မတီဝင်များ၏ တာဝန်ဝတ္တရား များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။

၁၁နာရီတွင် ကျေးရွာလူထုအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ (လူမှု နှင့် သဘာဝအရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များအသုံးပြုမှု၊ ပိုင်ဆိုင်မှု/ထိန်းချုပ်မှု၊ ဥစ္စာဓနစံသတ်မှတ်ချက်၊ ပင့်ကူအိမ်သုံး သပ်ချက် (ကျား၊ မ)၊ ရာသီခွင်ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှုပြမြေပုံ) တို့ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြရာ၊ ဆွေးနွေးသော အကြောင်းအရာများ၊ သုံးသပ်ချက်များသည် ဒုတိယနှစ်မှ ဆွေးနွေးဖော်ထုတ် ခဲ့ကြသောအကြောင်းအရာ၊ အချက်အလက်များ အတိုင်း ပြောင်းလဲမှု မရှိခဲ့ပါ။ ကျေးရွာတွင်း အခြေခံ အချက်အလက်များလည်း အတိုး/ အလျော့ မရှိခဲ့ကြောင်း တွေ့ခဲ့ရပါ သည်။

နေ့လည် (၁၁း၃၀) နာရီတွင် ကျေးရွာဖွံ့ဖြိုးရေးစာအုပ် အကြောင်းကို ရှင်းပြခဲ့ပြီး၊ လက်ထောက် နည်းပညာမှူးမှ သဘာဝအကာအကွယ်နှင့် လူမှုအကာအကွယ်များအကြောင်းကို ဆက်၍ရှင်းပြခဲ့ပါ သည်။ ထို့နောက် သဗ္ဗရာအင်းလေးကွက်သစ်ကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲပြဿနာများ အကြောင်း ဆွေးနွေးဖော်ထုတ်ကြပြီး၊ အဓိကဖြစ်သော အချက်အလက်များကို ထပ်မံထည့်သွင်း ဖော်ပြ ခဲ့ကြပါသည်။ ကျေးရွာ မျှော်မှန်းချက်များတွင် ပြောင်းလဲမှုမရှိခဲ့ပါ။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို တောင်းဆိုဆန္ဒပြုကြရာ အဓိကဖြစ်သောဖွံ့ဖြိုးရေးလုပ်ငန်း (၃)ခု ထွက်လာခဲ့ပြီး၊ ဦးစားပေး အဆင့် ရွေးချယ်သတ်မှတ်ရာတွင်လည်း၊ ကျေးရွာ၏သတ်မှတ်ရွေးချယ်ချက်အရ၊ ဦးစားပေးလုပ်ငန်း (၃)ခု ရရှိခဲ့ပါသည်။

ညနေ (၁၂း၃၀) နာရီတွင် ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေး၊ (တတိယနှစ်စက်ဝန်း) အား အောင်မြင်ပြီးမြောက်ခဲ့ပြီး၊ ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေးအား ပိတ်သိမ်းခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

**ဒေါ်အေးမြတ်မွန်**

## ၁၄. ကလျာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကလျာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အအုံ : | ၁ | ဘက်စုံသုံးရေကန်၁လုံး(၅၀၀၀) ဂါလံ | ကျား | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အဟာရ | ၂ | ဆေးပေးခန်း | ကျား+မ | ၂၀၂၁ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၃ | လျှပ်စစ်မီး(မီးတိုင်၊မီးကြိုး) | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |